**Network for Democracy and Development**
**Documentation and Research Department**

P.O Box 125, Mae Sod,Tak, 63110,Thailand.  Tel : 66 81 7241281. E-mail : ndddrd07@csloxinfo.com

# အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
# အမှတ်စဉ် (၃၀၀)

## "တော်စမ်းပါ ကျော်ဆန်းရာ"

ဒီရက်ပိုင်းအတွင်း နအဖက ထုတ်ဝေနေတဲ့ သတင်းစာတွေမှာ ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာ့ဒီမိုကရေစီရေး တိုက်ပွဲဝင်နေသူတွေအပေါ် စွပ်စွဲတိုက်ခိုက်မှုတွေ ဆက်တိုက်ပြုလုပ်လာတာ တွေ့ရှိရပါတယ်။ ဇူလိုင်လ(၄)ရက်နေ့ထုတ် သတင်းစာတွေမှာ "မကြာမီကျင်းပတော့မည့် အမျိုးသားညီလာခံကြီးကို နှောက်ယှက်ဖျက်ဆီးရန် ပြည်ပြေးများ၊ အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများက ပြည်တွင်းရှိ ဆန့်ကျင်ဖက်ပုဂ္ဂိုလ်တချို့နှင့် ပူးပေါင်းကာ ဖေါက်ခွဲဖျက်ဆီးမှုများပြုလုပ်ရန် စီစဉ်လျှက်ရှိ၊ ပြည်သူများက စောင့်ကြည့်ဖေါ်ထုတ်သတင်းပို့သွားရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထား" ဆိုတဲ့ခေါင်းစဉ်နဲ့ **DAB** နဲ့ **ABSDF** တို့က ဖေါက်ခွဲရေးအဖွဲ့တွေကို ပြည်တွင်းကို စေလွှတ်နေကြောင်း စွပ်စွဲဖေါ်ပြခဲ့တာ တွေ့ရပါတယ်။

ဇူလိုင်လ(၅)ရက်နေ့ထုတ် သတင်းစာတွေမှာတော့ ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်နဲ့ ကိုကိုကြီး တို့အဖွဲ့က တက္ကသိုလ် ကောလိပ်ကျောင်းသားတွေကို စည်းရုံးပြီး ဆူပူအောင်လုပ်ဆောင်ခဲ့ကြောင်း၊ သူတို့အဖွဲ့က ဂျင်မီ ခေါ် ကျော်မင်းယုနဲ့ ဇော်ဇော်မင်း တို့ဟာ အနောက်ပိုင်းတက္ကသိုလ်နဲ့ စီးပွားရေးတက္ကသိုလ်က ကျောင်းသားတွေကို စည်းရုံးပြီး ဇူလိုင်(၇)ရက်နေ့မှာ ဆဲဗင်းဂျူလိုင်ကြေငြာချက်တွေ ထုတ်ဝေဖို့နဲ့ အာဇာနည်နေ့မှာ မြေနီကုန်းကနေ အာဇာနည်ဗိမာန်ကို ချီတက်အလေးပြုဖို့ စီစဉ်ခဲ့ကြကြောင်း၊ ဒါ့အပြင် မင်းကိုနိုင်နဲ့ ကိုကိုကြီး တို့အဖွဲ့ဟာ အလုပ်လက်မဲ့တွေဖြစ်ပြီး ပြည်ပအဖွဲ့အစည်းတွေက အကူအညီတွေရရှိအောင် ဆောင်ရွက်နေကြကြောင်း၊ သူတို့စည်းရုံးထားသူတွေကို ပြည်ပအသံလွှင့်ဌာနတွေနဲ့ ဆက်သွယ်ပေးပြီး သတင်းတွေပေးပို့နေကြကြောင်း၊ စသည်ဖြင့် စွပ်စွဲ ဖေါ်ပြခဲ့ပါတယ်။

ဒီသတင်းတွေကို ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဥက္ကဌအဖြစ်ဆောင်ရွက်နေတဲ့ ကမ္ဘာ့သတင်း လေ့လာသုံးသပ်ရေးကော်မတီ **(WIWC / World Information Working Committee)** ရဲ့ သတင်းရှာဖွေစုဆောင်း တည်ဆောက်ထုတ်ပြန်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ **(IWG/ Information Working Group)** က လုပ်ကြံဖန်တီးပြီး ထုတ်ပြန်နေတာဖြစ်ပါတယ်။ ဒီအဖွဲ့ကို ဗိုလ်မှူးကြီးရဲထွဋ် က အနီးကပ်ကွပ်ကဲပြီး အရာရှိ (၁၃) ဦး၊ အခြားအဆင့် (၄၄)ဦးနဲ့ ဌာနခွဲ (၁၀)ခု ခွဲကာ လုပ်ကိုင်နေကြတာ ဖြစ်ပါတယ်။ ဒီအဖွဲ့ဟာ ပြည်တွင်းပြည်ပမှာရှိတဲ့ မြန်မာအတိုက်အခံ နိုင်ငံရေးအဖွဲ့အစည်းတွေနဲ့ နိုင်ငံရေးသမားတွေရဲ့ သတင်းတွေကိုသာမက စစ်အစိုးရကို ဆန့်ကျင်ကန့်ကွက်နေတဲ့ နိုင်ငံတကာအစိုးရတွေ၊ အသင်းအဖွဲ့တွေနဲ့ လူပုဂ္ဂိုလ်တွေရဲ့သတင်းတွေကို နည်းအမျိုးမျိုးနဲ့ စုဆောင်းရယူပြီး သတင်းထိုးစစ် **(Information Offensive)** နဲ့ တန်ပြန်သတင်းထိုးစစ် **(Counter Information Warfare)** တွေကို ဆင်နွှဲနေတာဖြစ်ပါတယ်။

ဒီအဖွဲ့ဟာ ပြည်တွင်းက တီဗွီ၊ ရေဒီယိုနဲ့ စာနယ်ဇင်းတွေကို ထိမ်းချုပ်ပြီး သတင်းစစ်ဆင်မှုတွေကို အသွင်အမျိုးမျိုးနဲ့ ပြုလုပ်နေတဲ့အပြင် အခုအခါ ပြည်ပရှိ သတင်းမီဒီယာတွေကိုပါ နည်းအမျိုးမျိုးနဲ့ ထိုးဖေါက်ဝင်ရောက်နိုင်ဖို့ ကြိုးပမ်းနေတာကို တွေ့ရှိနေရပါတယ်။ သတင်းရှာဖွေစုဆောင်း တည်ဆောက်ထုတ်ပြန်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ရဲ့ ၂၀၀၅ ခုနှစ် ဇူလိုင်လ အစီရင်ခံစာမှာ သူတို့အဖွဲ့အနေနဲ့ **Asia Observer Website, DVB Website** နဲ့ **The New York**

**Times** သတင်းစာကြီးရဲ့ **Website** တွေမှာ အမည်ဝှက်အမျိုးမျိုးနဲ့ သတင်းထိုးစစ်၊ တန်ပြန်သတင်းထိုးစစ်တွေကို စတင်ဆင်နွှဲနေပြီလို့ ထည့်သွင်းတင်ပြခဲ့တာ တွေ့ရှိရပါတယ်။

အခုအချိန်ဆိုရင် ဒီအဖွဲ့ဟာ တခြားပြည်ပသတင်းမီဒီယာတွေနဲ့ **Website** တွေမှာပါ သတင်းထိုးစစ်တွေကို တိုးချဲ့ပြီး ဆင်နွှဲနေနိုင်လောက်ပြီလို့ ယူဆရပါတယ်။ ဒါ့အပြင် ဒီအဖွဲ့ဟာ ပြည်တွင်းပြည်ပက ကြေးစား စာနယ်ဇင်းသမားတချို့ကို ငွေကြေးတွေ၊ လုပ်ပိုင်ခွင့်တွေနဲ့ စည်းရုံးပြီး တန်ပြန်မီဒီယာအဖွဲ့တွေကို ထူထောင်ဖွဲ့စည်းပေးနေတာ တွေ့ရပါတယ်။ တန်ပြန်မီဒီယာအဖွဲ့ဟာ ဝါဒဖြန့်သတင်းဆောင်းပါးအမျိုးမျိုးကို နံမည်အမျိုးမျိုးနဲ့ ရေးသားကြရတဲ့အပြင် ထင်ယောင်ထင်မှားဖြစ်စေမဲ့ သတင်းမျိုးတွေကိုလည်း လုပ်ကြံဖြန့်ဖြူးကြရတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ဒီအဖွဲ့ဟာ ပြည်ပသတင်းမီဒီယာတွေကို နေ့စဉ်စောင့်ကြည့်လေ့လာ နားထောင်ပြီး ပြည်ပအသံလွှင့်ဌာနတွေရဲ့ ကျေးတမာနဲ့ ပေဖူးလွှာကဏ္ဍ၊ ပြည်သူ့ရင်ဖွင့်သံကဏ္ဍ၊ ပေးစာပြန်စာကဏ္ဍတွေနဲ့ ပြည်ပသတင်းစာကြီးတွေရဲ့ အယ်ဒီတာထံပေးစာ ကဏ္ဍတွေကတဆင့် အမည်အမျိုးမျိုးနဲ့ သတင်းထိုးစစ်တွေကို စတင်ဆင်နွှဲနေကြပြီလို့ ဆိုပါတယ်။

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းဟာ နအဖအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဦးဆောင်ဖွဲ့စည်းထားတဲ့ အဖွဲ့ဝင်(၉)ဦးပါ ကမ္ဘာ့သတင်းလေ့လာသုံးသပ်ရေးအဖွဲ့ **(WIB / World Information Bureau)** မှာ အတွင်းရေးမှူးဖြစ်ပြီး အဖွဲ့ဝင်(၁၀)ဦးပါ ကမ္ဘာ့သတင်းလေ့လာသုံးသပ်ရေးကော်မတီ **(WIWC/ World Information Working Committee)** မှာ ဥက္ကဋ္ဌဖြစ်နေတဲ့အတွက် ပြည်တွင်းပြည်ပ သတင်းမှန်သမျှကို တခြားဗိုလ်ချုပ်တွေထက် ပိုမိုသိရှိနိုင်သူ ဖြစ်ပါတယ်။ ဒါ့အပြင် **(WIG)** အဖွဲ့က ခွဲခြမ်းစိတ်ဖြာပြီး တင်ပြထားတဲ့ သတင်းသုံးသပ်ချက်တွေနဲ့ အကြံပြုချက်တွေကို ဦးဦးဖျားဖျား ဖတ်ရှုလေ့လာပြီး နိုင်ငံတော်ပေါ်လစီတွေအတွက် အဆုံးအဖြတ်ပေးရတဲ့ နအဖအကြီးအကဲဗိုလ်ချုပ်ကြီးတွေကို ထပ်ဆင့်ရှင်းလင်း လက်ချာပေးရတာကြောင့် ဗိုလ်မှူးချုပ်ကျော်ဆန်းဟာ အရာရာကို သူသိသူတတ်တယ်လို့ ထင်မြင်လာပြီး နေရာတကာမှာ ဝင်စွက်လာတယ်လို့ ပြန်ကြားရေးဝန်ကြီးဌာနအရာရှိတဦးက ပြောဆိုပါတယ်။

သတင်းစာရှင်းလင်းပွဲတွေမှာလည်း စာနယ်ဇင်းသမားတွေရဲ့ မေးမြန်းချက်တွေကို သက်ဆိုင်ရာဝန်ကြီးဌာနတွေက တာဝန်ရှိသူတွေကိုယ်တိုင် ဖြေကြားရမဲ့အစား သူကချည်း ဒိုင်ခံဖြေဆိုနေတာကြောင့် လွဲချော်မှားယွင်းမှုတွေ ဖြစ်လေ့ရှိပြီး သတင်းစာရှင်းလင်းပွဲအပြီးမှာ သက်ဆိုင်ရာဝန်ကြီးတွေနဲ့ မကြာခဏ အချေအတင် စကားများတာတွေ ဖြစ်ပေါ်ခဲ့ရတယ်လို့ ဆိုပါတယ်။ ဗိုလ်မှူးချုပ်ကျော်ဆန်းဟာ သတင်းစာရှင်းလင်းပွဲတွေမှာ ယုတ္တိယုတ္တာမရှိတဲ့ သတင်းအချက်အလက်တွေကို အာဘောင်အာရင်းသန်သန်နဲ့ ပြောဆိုလေ့ရှိတဲ့အတွက် သူနဲ့လုပ်ဖေါ်ကိုင်ဖက် ဝန်ကြီးတွေကပါ သူ့အပေါ် အယုံအကြည်နည်းလာပြီး သူ့ဘာပြောပြော “တော်စမ်းပါ ကျော်ဆန်းရာ” လို့ လှောင်ပြောင် ပြောဆိုတာတွေ ရှိလာခဲ့တယ်လို့ ဆိုပါတယ်။ ဒီသတင်းတွေ အပြင်ကိုပေါက်ကြားသွားတဲ့အတွက် အရပ်သားတွေ ကြားထဲမှာလည်း “တော်စမ်းပါကျော်ဆန်းရာ” ဆိုတဲ့စကားဟာ ခေတ်စားလာနေပြီလို့ ဆိုပါတယ်။

ဗိုလ်မှူးချုပ်ကျော်ဆန်းဟာ သူ့ကိုဝန်းရံပေးနေကြတဲ့ အလံနီကွန်မြူနစ်လူထွက်တစု တီထွင်ပေးထားတဲ့ စကားလုံးတွေကို အလွတ်ကျက်ပြီး သတင်းစာရှင်းလင်းပွဲတွေမှာ ဆိုင်သည်ဖြစ်စေ၊ မဆိုင်သည်ဖြစ်စေ၊ ထည့်သွင်း ပြောဆိုလေ့ရှိကြောင်းလည်း သိရှိရပါတယ်။ “ပြည်တွင်းပြည်ပ အကြမ်းဖက် အဖျက်သမားတွေရဲ့ မီဒီယာထိုးစစ်ကို တန်ပြန်မီဒီယာထိုးစစ်ဖြင့် ရိုက်ချိုးချေဖျက်ကြ” ဆိုတဲ့ စကားရပ်တွေနဲ့ “တိုက်(၃)တိုက်၊ မိုက်(၃)မိုက်၊ ပိတ်(၄)ပိတ်” ဆိုတဲ့ စကားရပ်တွေကို အမြဲထည့်သွင်း ပြောဆိုလေ့ရှိတယ်လို့ ဆိုပါတယ်။ ပြည်တွင်းပြည်ပ အဖျက်သမားတွေက သူတို့အစိုးရကို မြေပေါ်တိုက်ကွက်၊ မြေအောက်တိုက်ကွက်၊ ပြည်ပြေးတိုက်ကွက်တွေနဲ့ သုံးဖက်သုံးတန်ညှပ်ပြီး တိုက်ခိုက် နေကြကြောင်း၊ ဒါ့အပြင် မြန်မာနိုင်ငံမှာ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ မလုပ်နိုင်အောင် ပိတ်ဆို့တာတွေ၊ ချေးငွေတွေနဲ့ အကူအညီ အထောက်အပံ့တွေ မရနိုင်အောင် ပိတ်ဆို့တာတွေ၊ ပြည်တွင်းကို ကမ္ဘာလှည့်ခရီးသည်တွေ မလာနိုင်အောင် ပိတ်ဆို့တားမြစ်တာတွေ၊ ကုန်သွယ်ရေးပိတ်ဆို့တာတွေကို လုပ်ဆောင်နေကြကြောင်း၊ ဒါပေမဲ့ အခုအခါ သူတို့စစ်အစိုးရမှာ **Military Might** လို့ခေါ်တဲ့ သင့်တင့်တဲ့စစ်ရေးအင်အား၊ **Economic Might** လို့ခေါ်တဲ့ သင့်တင့်တဲ့ စီးပွားရေးစွမ်းအားနဲ့ **Political Might** လို့ခေါ်တဲ့ နိုင်ငံရေးတည်ငြိမ်မှုအင်အားတွေ အထိုက်အလျောက် ရရှိပိုင်ဆိုင်နေပြီဖြစ်လို့ ရန်သူအားလုံးကို ချေမှုန်းပစ်ရမယ်၊ ဆိုတာတွေကို အမြဲထည့်သွင်း ပြောကြားလေ့ရှိတယ်လို့ ဆိုပါတယ်။

သတင်းစာရှင်းလင်းပွဲတွေမှာ သူပြောချင်တာတွေကို တောင်စဉ်ရေမရ လျှောက်ပြောနေတတ်ပြီး သတင်းစာဆရာတွေက သူ့ပြောဆိုချက်တွေအပေါ် အချက်ကျကျထောက်ပြီး မေးခွန်းထုတ်တဲ့အခါ ဒေါသတကြီးနဲ့ တုန့်ပြန်လေ့ရှိတယ်လို့ ဆိုပါတယ်။ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ(၂)ရက်နေ့က ရန်ကုန်မှာကျင်းပပြုလုပ်ခဲ့တဲ့ နအဖ သတင်းစာရှင်းလင်းပွဲ

(၇/၂၀၀၆)မှာ **Myanmar Times** ဂျာနယ်က သတင်းစာဆရာ ဦးဝင်းကျော်ဦးက “ဈေးကွက်စနစ်ကို မြန်မာနိုင်ငံထက် နောက်ကျပြီးကျင့်သုံးခဲ့တဲ့ ဗီယက်နမ်နိုင်ငံက စီးပွားရေးဖွံ့ဖြိုးမှုမှာ ဘာကြောင့် မြန်မာနိုင်ငံထက် ရှေ့ကို ရောက်ရှိလာရပါ သလဲ၊ **NLD** အပေါ် ပြည်သူတွေရဲ့ထောက်ခံမှုတွေ ကျဆင်းလာနေပြီဆိုတဲ့ အစိုးရသတင်းစာပါ ဖော်ပြချက်တွေကို ပြည်သူတွေကရော ဘယ်လိုရှုမြင် သဘောထားကြသလဲ၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ဆက် လက် ထိမ်းသိမ်းထားမှသာလျှင် မြန်မာ့နိုင်ငံရေးမှာ ဖွံ့ဖြိုးတိုးတက်မှုရှိမယ်လို့ အစိုးရအနေနဲ့ ယူဆထားပါသလား၊” စတဲ့ မေးခွန်းတွေကို မေးမြန်းခဲ့ပါတယ်။ ဦးဝင်းကျော်ဦးရဲ့ မေးခွန်းတွေကို ဗိုလ်မှူးချုပ်ကျော်ဆန်းက “**NLD** လုပ်ကိုင်နေတာ တွေကို ခင်ဗျားရော ကြိုက်နှစ်သက်သလား” လို့ ပြန်လှန် မေးခွန်းထုတ်ပြီး ဒေါသတကြီးနဲ့ ပြန်လည်ဖြေကြားသွားခဲ့တာ တွေ့ရပါတယ်။

ဗိုလ်မှူးချုပ်ကျော်ဆန်းဟာ သတင်းစာရှင်းလင်းပွဲတွေမှာ သူထောက်ပံ့မွေးမြူထားတဲ့ တန်ပြန်မီဒီယာအဖွဲ့ဝင်တွေ ကို “အလံရှူး”တွေအဖြစ် အသုံးချပြီး သူမေးစေချင်တဲ့မေးခွန်းမျိုးတွေကို မေးခိုင်းတာတွေလည်း လုပ်လေ့ရှိပါတယ်။ နအဖရဲ့ (၇/၂၀၀၆) သတင်းစာရှင်းလင်းပွဲမှာ အရှေ့ရှသတင်းဂျာနယ်ရဲ့ အယ်ဒီတာချုပ်ဆိုသူ ဦးမင်းလွင် က “၈၈မျိုး ဆက် ကျောင်းသားအမည်ခံ အသက် (၄၀) ကျော် အိမ်ထောင်သားမွေး နိုင်ငံရေးလှုပ်ရှားသူတွေဟာ ၈၈ ခုနှစ်မှာ တောခိုခဲ့ကြတဲ့ **ABSDF, DPNS** တို့နဲ့ တဖွဲ့တည်းဖြစ်ကြောင်း၊ သူတို့ရဲ့နောက်မှာ **CPB** ခေါ် ဗမာပြည်ကွန်မြူနစ်ပါတီ ရှိနေ ကြောင်း၊ ဒါကြောင့် အဲဒီအဖွဲ့တွေရဲ့အန္တရာယ်ဟာ ဘယ်လောက်အထိကြီးသလဲ၊ ဒါ့အပြင် အဲဒီအဖွဲ့တွေဟာ **NLD** ကို ဗဟိုပြုပြီး လှုပ်ရှားနေတာဖြစ်ကြောင်း၊ **NLD** ကလည်း အမျိုးသားညီလာခံကို ကျောခိုင်းခဲ့တဲ့အပြင် ညီလာခံကိုဆန့်ကျင် တဲ့ မဲသရောထ ကြေငြာချက်ကို ထောက်ခံကြိုဆိုထားတဲ့အတွက် **NLD** ရဲ့ အန္တရာယ်ကလည်း ဘယ်လောက်အထိ ကြီးသလဲဆိုတာကို သိလိုပါကြောင်း၊ အလံရှူးလုပ်ပြီး မေးမြန်းခဲ့တာကို တွေ့ရပါတယ်။

အရှေ့ရှာဂျာနယ်ရဲ့ အယ်ဒီတာချုပ်နဲ့ ထုတ်ဝေသူ ဦးထွန်းရွှေ ခေါ် ဦးမင်းလွင် ဆိုသူဟာ (ပြည်ချစ်လက်နက်ချ) တဦး ဖြစ်ပါတယ်။ မင်းလွင်ဆိုတဲ့ ကလောင်အမည်နဲ့ ဆောင်းပါးတွေရေးပြီး ထွန်းရွှေ ဆိုတဲ့အမည်နဲ့ ထုတ်ဝေဖြန့်ချီ တာတွေ ပြုလုပ်နေသူ ဖြစ်ပါတယ်။ ဒါ့အပြင် “ပုံလွှားအုပ်စု” ဆိုတဲ့ အမည်ဝှက်နဲ့လည်း ဒေါ်အောင်ဆန်းစုကြည်၊ **NLD** ပါတီ၊ **CRPP**၊ ဝါရင့်နိုင်ငံရေးသမားအဖွဲ့၊ ရဟန်းပျိုအဖွဲ့၊ ၈၈မျိုးဆက်ကျောင်းသားများအဖွဲ့၊ မဖြုဖြုသင်း ဦးဆောင်တဲ့ **Peer Group**၊ ဦးအေးမြင့် ဦးဆောင်တဲ့ လမ်းပြကြယ်အဖွဲ့နဲ့ တိုင်းရင်းသားအပစ်ရပ်အဖွဲ့တွေရဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေကို လုပ်ကြံဖန်တီး ဇာတ်လမ်းဆင်ပြီး ဗိုလ်မှူးချုပ်ကျော်ဆန်းကို သုံးသပ်တင်ပြပေးရသူ ဖြစ်ပါတယ်။ ဒီလို ပြုလုပ်ပေးဖို့အတွက် ဗိုလ်မှူးချုပ်ကျော်ဆန်းက ဦးထွန်းရွှေ ကို ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလမှာ အရှေ့ရှာဂျာနယ် ထုတ်ဝေခွင့်လိုင်စင် ချပေး ခဲ့ရတဲ့အပြင် ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၂၂)ရပ်ကွက်ရှိ ကွေ့မအိမ်ရာ၊ တိုက်အမှတ်(၃)၊ အခန်းအမှတ်(၁)နဲ့ လိုင်းဖုန်း၊ မိုဘိုင်းဖုန်းတွေကို ချပေးခဲ့ရတယ်လို့ ဆိုပါတယ်။

ဗိုလ်မှူးချုပ်ကျော်ဆန်းမှာ မိုဘိုင်းဖုန်းတွေ၊ တိုက်ခန်းတွေ၊ စာပေထုတ်ဝေခွင့်တွေနဲ့ အလဲအလှယ်လုပ် မွေးမြူ ထား တဲ့ တခြား ကြေးစားစာနယ်ဇင်းသမားတွေလည်း အများအပြား ရှိသေးကြောင်း သိရှိရပါတယ်။ (နအဖ လက်ကိုင်တုတ် ကြေးစားစာနယ်ဇင်းသမားများနဲ့ **WIB / WIWC/ WIG** အဖွဲ့များအကြောင်းကို ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၂၅ ရက်နေ့ထုတ် အပတ်စဉ်သတင်းသုံးသပ်ချက် အမှတ်စဉ်(၂၆၂) “နအဖရဲ့ သတင်းထိုးစစ်နှင့် တန်ပြန်သတင်း စစ်ဆင်ရေး” နှင့် ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၁၄ ရက်နေ့ထုတ် အပတ်စဉ်သတင်းသုံးသပ်ချက် အမှတ်စဉ်(၂၆၈) “ကိုယ့်မျက်ချေးလည်း ကိုယ် မြင်အောင်ကြည့်ကြပါ” တို့တွင် ရှုရန်။)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းရဲ့ ထင်ရာမြင်ရာ ပြောဆိုလုပ်ကိုင် ဆောင်ရွက်နေမှုတွေကို မြန်မာပြည် သူတွေနဲ့ လုပ်ဖော်ကိုင်ဖက် ဝန်ကြီးတွေက အသိအမှတ်ပြုခြင်းမရှိပေမဲ့ နအဖအကြီးအကဲတွေကတော့ သူ့ကို နိုင်ငံရေး ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်အဖြစ်နဲ့ ရှုမြင်ထားကြပုံရပါတယ်။ ဒါကြောင့် ဇွန်လ (၂၅၊၂၆) ရက်နေ့က အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာန၊ အရှေ့အာရှနဲ့ ပစိဖိတ်ဒေသဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး အဲရစ်ဂျွန် **(Mr. Eric John)** နဲ့ ပီကင်းမှာ ခိုးကြောင်ခိုးဝှက် တွေ့ဆုံဆွေးနွေးဖို့ သူ့ကို အဖွဲ့ခေါင်းဆောင်အဖြစ် ယုံယုံကြည်ကြည်နဲ့ တာဝန်ပေး စေလွှတ် လိုက်တာ ဖြစ်နိုင်ပါတယ်။ တကယ်ဆိုရင် ဒီနအဖကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ကသာ ဦးဆောင်သင့်တယ်လို့ ဝန်ကြီးအများစုက ယူဆနေကြပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဗိုလ်မှူးချုပ်ကျော်ဆန်း ကတော့ သူ့ရဲ့သတင်းထိုးစစ်နဲ့ တန်ပြန်သတင်းစစ်ဆင်ရေးစီမံချက်ဟာ အောင်မြင်နေတယ်လို့ယူဆပြီး ဒီစီမံချက်ကိုအရှိန်မြှင့်ဖို့ ကြိုးပမ်းနေပါတယ်။ အတိုက်အခံ အဖွဲ့အစည်းတွေရဲ့ သတင်း

တွေကို အဲဒီအဖွဲ့အစည်းတွေက ထုတ်ဝေဖြန့်ချိတဲ့ စာအုပ်စာတန်းတွေအပြင် **Website** တွေ၊ **Group E.mail** တွေနဲ့ ပြည်ပအခြေစိုက် သတင်းဌာနတွေကတဆင့် စုဆောင်းယူနေပြီး သတင်းထိုးစစ်နဲ့ တန်ပြန်သတင်းစစ်ဆင်ရေးကို တိုးမြှင့်ဆင်နွှဲနေပါတယ်။ **Website** တွေ၊ **Group E.mail** တွေနဲ့ ပြည်ပသတင်းမီဒီယာတွေမှာ အတိုက်အခံအချင်းချင်း ယုံထင်ကြောင်ထင် သံသယတွေဝင်လာအောင်၊ အတွေးအခေါ်တွေ ရှုပ်ထွေးလာအောင် အမည်အမျိုးမျိုးနဲ့ စာတွေရေးသားကြဖို့ စီစဉ်နေပါတယ်။ ဒ့ါအပြင် နအဖဟာ အာရပ်နိုင်ငံတွေရဲ့ အယ်ဂျာဇီးယား သတင်းဌာနကို အားကျပြီး သတင်းမီဒီယာကျွမ်းကျင်သူ နိုင်ငံခြားသားပညာရှင်တွေကို ငှါးရမ်းလုပ်ကိုင်ဖို့၊ ပြည်ပအခြေစိုက် သတင်းမီဒီယာတွေမှာ လုပ်ကိုင်နေတဲ့ မြန်မာနိုင်ငံသားတွေကို မက်လုံးအမျိုးမျိုးပေးပြီး သူ့လူငါ့ဘက်သား တွေဖြစ်လာအောင် စည်းရုံးဖို့ အစီအစဉ်တွေရေးဆွဲထားကြောင်း သတင်းရရှိပါတယ်။ အမေရိကန်နိုင်ငံမှာ နိုင်ငံရေး ခိုလှုံခွင့်တောင်းခံခဲ့တဲ့ ဝါရှင်တန် နအဖသံရုံးမှ ဒုတိယကောင်စစ်ဝန် ဒုဗိုလ်မှူးကြီး အောင်လင်းထွဋ် ရဲ့ ပြောဆိုချက်အရ သူတို့သံရုံးကို ချဉ်းကပ်ခဲ့တဲ့ ပြည်ပအခြေစိုက် မြန်မာသတင်းမီဒီယာသမားတချို့ ရှိခဲ့သလို၊ သူတို့က မွေးမြူ မြှုပ်နှံခဲ့သူတွေလည်း ရှိခဲ့ကြောင်း သိရှိရပါတယ်။

ဒါကြောင့် ပြည်တွင်းပြည်ပရှိ မြန်မာ့ဒီမိုကရေစီအင်အားစုတွေအနေနဲ့ ဒီမိုကရေစီကျင့်စဉ်အရ လွတ်လပ်စွာ၊ ပြောဆိုရေးသားခွင့်၊ လွတ်လပ်စွာ ဖေါ်ပြခွင့်တွေ ရှိသော်လည်း တတ်နိုင်သမျှ တော်လှန်ရေးသတိ၊ လုံခြုံရေးသတိ ထားရှိကြဖို့၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာတွေကိုလည်း မျက်ခြေမပြတ် သတိထားပြီး စောင့်ကြည့်လေ့လာကြဖို့၊ လိုအပ်ပါလိမ့်မယ်။ နိုင်ငံတကာ သတင်းမီဒီယာဌာနကြီးတွေအနေနဲ့လည်း မီဒီယာကျင့်ဝတ်တွေအရ လွတ်လပ်မျှတမှုရှိဖို့ အမှန်တကယ် လိုအပ်ပေမဲ့ လူထုအပေါ်ဖိနှိပ်နေတဲ့ စစ်အာဏာရှင်တွေရဲ့ အသုံးချမှုကိုမခံရအောင် သတိထားကြဖို့ လိုအပ်ကြောင်း သုံးသပ် တင်ပြလိုက်ရပါတယ်။ ။

---

***End of report/ Friday, July 06, 2007***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***

---

မိတ်ဆွေများခင်ဗျား–

မိမိတို့ သုတေသနနှင့် မှတ်တမ်းတင်ဌာန (ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု) အနေဖြင့် မြန်မာနိုင်ငံနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ၊ အထောက်အထားများကို စနစ်တကျ သိမ်းဆည်းမှတ်တမ်းတင်နေပါသဖြင့် လူကြီးမင်းတို့၏ အဖွဲ့အစည်းများမှ ထုတ်ဝေဖြန့်ချိသော စာအုပ်များ၊ စာတမ်းများ၊ သတင်းများ၊ ထုတ်ပြန်ကြေညာချက်များ၊ သတင်းဓာတ်ပုံများ၊ ပြက္ခဒိန်များကို ပေးပို့ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

သုတေသနနှင့် မှတ်တမ်းတင်ဌာန
ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု